ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာသံရုံး၊ စင်ကာပူမြို့

# မြန်မာနိုင်ငံ ပြည်ဝင်ခွင့် ဗီဇာလျှောက်ထားရန် လမ်းညွှန်

**မြန်မာသံရုံး၊ စင်ကာပူ၏ website ဖြစ်သည့်**
**www.myanmarembassy.sg တွင်လည်း ရယူနိုင်ပါသည်။**

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မြန်မာသံရုံး၊ စင်ကာပူမြို့

## ပြည်ဝင်ဗီဇာ လျှောက်ထားရန် ဆောင်ရွက်ပုံအဆင့်ဆင့်

### နိဒါန်း

၁။ မြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် သွားရောက်လိုသူများအနေဖြင့် စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့လာရောက်၍ ပြည်ဝင်ဗီဇာလျှောက်ထားသည့် အချိန်တွင် လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ကို သိရှိနိုင်စေရန် ရည်ရွယ်၍ တင်ပြထားခြင်းဖြစ်ပါသည်။

### ပြည်ဝင်ဗီဇာရရှိရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်

(က) အွန်လိုင်းမှ ရက်ချိန်းရယူခြင်း
(ခ) ဗီဇာလျှောက်လွှာတင်သွင်းခြင်း
(ဂ) ပြည်ဝင်ဗီဇာထုတ်ယူခြင်း

### ပြည်ဝင်ဗီဇာအမျိုးအစားနှင့် ဗီဇာနှုန်းထားများ

၂။ ပြည်ဝင်ဗီဇာအမျိုးအစားနှင့် ဗီဇာနှုန်းထားများကို အောက်ပါအတိုင်း သတ်မှတ် ထားပါသည်-

| စဉ် | ဗီဇာအမျိုးအစား | ဗီဇာ သက်တမ်း | နေထိုင်ခွင့် ကာလ | နေထိုင်ခွင့် သက်တမ်း တိုးခွင့် ရှိ/ မရှိ | ဗီဇာ နှုန်းထား (SDG) |
|---|---|---|---|---|---|
| ၁။ | သံတမန်/သံအဖွဲ့ဝင်ဗီဇာ | (၃)လ | တာဝန်ထမ်းဆောင်ချိန် | ရှိ | အခမဲ့ |
| ၂။ | ကမ္ဘာလှည့်ဗီဇာ | (၃)လ | (၂၈)ရက် | မရှိ | ၇၀ |
| ၃။ | လုပ်ငန်းဗီဇာ (တစ်ကြိမ်သုံး) | (၃)လ | (၇၀)ရက် | ရှိ | ၉၀ |
| | လုပ်ငန်းဗီဇာ (အကြိမ်ကြိမ်) | (၃)လ | (၇၀)ရက် | ရှိ | ၃၅၀ |
| | | (၆)လ | (၇၀)ရက် | ရှိ | ၇၀၀ |
| | | (၁)နှစ် | (၇၀)ရက် | ရှိ | ၁,၀၅၀ |
| ၄။ | လူမှုရေးဗီဇာ(တစ်ကြိမ်ပြည်ဝင်ခွင့်) | (၃)လ | (၇၀)ရက် | ရှိ | ၉၀ |
| | လူမှုရေးဗီဇာ (အကြိမ်ကြိမ်ပြည်ဝင်ခွင့်) | (၃)လ | (၇၀)ရက် | ရှိ | ၂၆၅ |
| | | (၆)လ | (၇၀)ရက် | ရှိ | ၅၂၅ |
| | | (၁)နှစ် | (၇၀)ရက် | ရှိ | ၇၉၀ |

| | | | | | |
|---|---|---|---|---|---|
| ၅။ | သာသနာရေးဗီဇာ (တစ်ကြိမ်ပြည်ဝင်ခွင့်) | (၃)လ | (၇၀)ရက် | ရှိ | ၉၀ |
| | သာသနာရေးဗီဇာ (အကြိမ်ကြိမ်ပြည်ဝင်ခွင့်) | (၃)လ | (၇၀)ရက် | ရှိ | ၂၆၅ |
| | | (၆)လ | (၇၀)ရက် | ရှိ | ၅၂၅ |
| | | (၁)နှစ် | (၇၀)ရက် | ရှိ | ၇၉၀ |
| ၆။ | နိုင်ငံတကာအဖွဲ့အစည်းများ ဗီဇာ (တစ်ကြိမ်ပြည်ဝင်ခွင့်) | (၃)လ | (၇၀)ရက် | ရှိ | ၉၀ |
| | နိုင်ငံတကာအဖွဲ့အစည်းများ ဗီဇာ (အကြိမ်ကြိမ်ပြည်ဝင်ခွင့်) | (၃)လ | (၇၀)ရက် | ရှိ | ၃၅၀ |
| | | (၆)လ | (၇၀)ရက် | ရှိ | ၇၀၀ |
| | | (၁)နှစ် | (၇၀)ရက် | ရှိ | ၁,၀၅၀ |
| ၇။ | အလုပ်သမားဗီဇာ (တစ်ကြိမ်ပြည်ဝင်ခွင့်) | (၃)လ | (၇၀)ရက် | ရှိ | ၉၀ |
| ၈။ | ပညာရေးဗီဇာ (တစ်ကြိမ်ပြည်ဝင်ခွင့်) | (၃)လ | (၉၀)ရက် | ရှိ | ၉၀ |
| | ပညာရေးဗီဇာ (အကြိမ်ကြိမ်ပြည်ဝင်ခွင့်) | (၃)လ | (၉၀)ရက် | ရှိ | ၃၅၀ |
| | | (၆)လ | (၉၀)ရက် | ရှိ | ၇၀၀ |
| | | (၁)နှစ် | (၉၀)ရက် | ရှိ | ၁,၀၅၀ |
| ၉။ | စာနယ်ဇင်း/မီဒီယာဗီဇာ (တစ်ကြိမ်ပြည်ဝင်ခွင့်) | (၃)လ | (၂၈)ရက် | မရှိ | ၇၀ |
| ၁၀။ | ယာဉ်အမှုအထမ်းဗီဇာ (တစ်ကြိမ်ပြည်ဝင်ခွင့်) | (၃)လ | (၉၀)ရက် | ရှိ | ၉၀ |
| | ယာဉ်အမှုအထမ်းဗီဇာ (အကြိမ်ကြိမ်ပြည်ဝင်ခွင့်) | (၃)လ | (၉၀)ရက် | ရှိ | ၃၅၀ |
| | | (၆)လ | (၉၀)ရက် | ရှိ | ၇၀၀ |
| | | (၁)နှစ် | (၉၀)ရက် | ရှိ | ၁,၀၅၀ |
| ၁၁။ | အလုပ်ရုံ/ဆွေးနွေးပွဲ/ အစည်းအဝေး/ သုတေသနဗီဇာ(တစ်ကြိမ်ပြည်ဝင်ခွင့်) | (၃)လ | (၂၈)ရက် | ရှိ (Only Research Purpose) | ၇၀ |

**အွန်လိုင်းမှ ရက်ချိန်းရယူခြင်း**

၃။ ဗီဇာရယူရန်အတွက် Online Appointment ကို မြန်မာသံရုံး၊ စင်ကာပူမြို့၏ website ဖြစ်သည့် www.myanmarembassy.sg တွင် online စနစ်ဖြင့် မည်သူမဆို ရယူနိုင်ပါသည်။ Appointment ရရှိသည့်နေ့တွင် လာရောက်ရန်ဖြစ်ပြီး စာရွက်စာတမ်းများ ပြည့်စုံမှန်ကန်မှုရှိပါက အလုပ်လုပ်ရက် (၁)ရက်အတွင်း ဗီဇာ ရယူနိုင်ပါသည်။

**ပြည်ဝင်ဗီဇာ လျှောက်ထားရန် အခြေခံလိုအပ်ချက်များ**

- အွန်လိုင်းမှရယူနိုင်သည့် လျှောက်လွှာစာရွက်ပေါ်တွင် ပြည့်စုံစွာရေးသား ဖြည့်စွက်၍ လက်မှတ်ရေးထိုးရန်။
- (၆)လအတွင်း နောက်ခံအဖြူဖြင့် ရိုက်ကူးထား သော ဓာတ်ပုံ (၂)ပုံ ပူးတွဲ၍ ပေးရန်။
- လျှောက်ထားသူ၏ နိုင်ငံကူးလက်မှတ်မိတ္တူနှင့် သက်သေခံကဒ်မိတ္တူ (ဥပမာ-IC/ PR/ EP/ Student Pass) နှင့် မိဘနှင့်အတူလိုက်ပါမည့် အသက်(၁၅)နှစ်အောက် ကလေးငယ်များအတွက် မွေးစာရင်း အထောက်အထား(Birth Certificate) တင်ပြရန်။
- နိုင်ငံကူး လက်မှတ်မူရင်းနှင့် မိတ္တူ တင်ပြရန်။ **(နိုင်ငံကူးလက်မှတ်သည် အနည်းဆုံး (၆)လသက်တမ်းနှင့် ဗီဇာစတစ်ကာကပ်ရန် အတွက် အနည်းဆုံး စာမျက်နှာ(၂)မျက်နှာအပြည့် ကျန်ရှိရပါမည်။)**
- VISA အမျိုးအစား အပေါ်မူတည်၍ လိုအပ်သည့် စာရွက်စာတမ်းများကို ပူးတွဲတင်ပြရန်။

## လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်

**နံနက်ပိုင်းဆောင်ရွက်ရန်- နံနက် (၈း၃၀) နာရီမှ (၁၂း၀၀)နာရီအထိ**
**ဗီဇာလျှောက်လွှာလက်ခံခြင်း**

၄။ ဗီဇာလျှောက်ထားရန်အတွက် ရှေးဦးစွာ online စနစ်ဖြင့် ရက်ချိန်းရယူရန် လိုအပ်ပါသည်။ ရက်ချိန်းရရှိသည့်နေ့ရက်တွင် သံရုံးသို့နံနက်(၈း၃၀)နာရီ မပျက်မကွက်လာ ရောက်ရန်လိုအပ်ပြီး သံရုံးသို့ရောက်ရှိလာပါက ကောင်တာနံပါတ်(၈)နှင့် ကောင်တာနံပါတ်(၉) မှ Queue Number များ ခေါ်ယူသည့်အခါ ဗီဇာလျှောက်ထားရန် စာရွက်စာတမ်းများနှင့် နိုင်ငံကူးလက်မှတ်(မူရင်း)တင်ပြခြင်းကို ဆောင်ရွက်နိုင်ပါသည်။

**(ထောက်ခံစာများ ပြုလုပ်ရန်အတွက် လိုအပ်သည့် စာရွက်စာတမ်းများကို အတုအပပြုလုပ်၍ တင်ပြခဲ့ပြီး၊ လိမ်ညာလျှောက်ထားကြောင်း စိစစ်ဖော်ထုတ်တွေ့ရှိပါက တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများအရ အရေးယူခံရမည် ဖြစ်ကြောင်း ကြိုတင် အသိပေးပါသည်။)**

၅။ ကောင်တာနံပါတ်(၈)နှင့် ကောင်တာနံပါတ်(၉)မှ ဝန်ဆောင်မှုပေးနေသည့် Queue Number များကို နားနေဆောင်ရှိ Queue Board များတွင် ပြသထားပြီး မိမိ၏ Queue Number ခေါ်ယူသည့်အခါ သက်ဆိုင်ရာကောင်တာသို့ သွားရောက်ရန်ဖြစ်ပြီး မိမိ၏ Queue Number အလှည့်မတိုင်မီ သံရုံးရှိနားနေဆောင်များတွင် သက်တောင့်သက်သာ အနားယူ စောင့်ဆိုင်းနိုင်ပါသည်။

**(မြန်မာနိုင်ငံပြည်ဝင်ဗီဇာ မရရှိသေးသည့်ကာလ၌ အချိန်၊ နေ့ရက်တိကျစွာ သတ်မှတ်ထားပြီးသော လေယာဥ်လက်မှတ်ဖြစ်စေ၊ ပြောင်းလဲ၍မရနိုင်သော ခရီးသွားအစီအစဥ်များဖြစ်စေ ကြိုတင်၍ မပြုလုပ်ထားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။)**

**Tourist Visa လျှောက်ထားခြင်း**

၆။ ကမ္ဘာလှည့်ဗီဇာ(Tourist Visa)လျှောက်ထားလိုသူများအနေဖြင့် ဤသံရုံး (သို့မဟုတ်) သံရုံး၏ အင်တာနက်စာမျက်နှာတွင်ရရှိနိုင်သည့် ဗီဇာလျှောက်လွှာပေါ်တွင် ပြည့်စုံစွာ ဖြည့်စွက်၍ အဆိုပါလျှောက်လွှာ(မူရင်း)ပေါ်တွင် (၆)လအတွင်း နောက်ခံအဖြူဖြင့် ရိုက်ကူးထားသောဓာတ်ပုံ (၂)ပုံကပ်ပြီး ကိုယ်တိုင်လက်မှတ်ရေးရပါမည်။ ဗီဇာခွင့်ပြုသည့်နေ့မှစ၍ (၃)လအတွင်း မြန်မာနိုင်ငံသို့ သွားရောက်နိုင်ပါသည်။ မြန်မာနိုင်ငံသို့ ရောက်ရှိသည့် နေ့မှစ၍ (၂၈)ရက်တိတိ နေထိုင်ခွင့်ရှိပြီး သက်တမ်း ထပ်မံတိုး၍ မရပါ။ လျှောက်ထားသူသည်-

- Online မှ ကြိုတင်ရယူထားသည့် Queue Number ပါဝင်သည့်စာရွက်
- Passport ( သက်တမ်း (၆)လ နှင့် စာမျက်နှာ(၂)မျက်နှာ အနည်းဆုံးကျန်ရှိရပါမည်)
- Passport မိတ္တူ
- သက်သေခံကဒ်မိတ္တူ(ဥပမာ- IC/ PR/ EP/ Student Pass/ White Card)
- မိဘနှင့်အတူလိုက်ပါမည့် အသက်(၁၅)နှစ်အောက် ကလေးငယ်များအတွက် မွေးစာရင်းအထောက်အထား(Birth Certificate)
- အလုပ်လုပ်ကိုင်နေသူဖြစ်ပါက ၎င်းအလုပ်အကိုင်ကို ဖော်ပြသည့် Business/ Name Card
- လျှောက်ထားသူ၏ အချက်အလက်များအပေါ် မူတည်၍ လိုအပ်ပါက အခြားသော စာရွက်စာတမ်းများကို ထပ်မံတောင်းခံမည်ဖြစ်ပါသည်။

၇။ ဗီဇာခမှာ စင်ကာပူဒေါ်လာ(၇၀)ဒေါ်လာဖြစ်ပါသည်။ အလုပ်လုပ်ချိန် ရုံးဖွင့်ရက် (၁)ရက် ကြာမြင့်မည်ဖြစ်ပြီး ဗီဇာလျှောက်လွှာပါအချက်အလက်များ မှန်ကန်မှုမရှိပါက ပြည်ဝင်ဗီဇာထုတ်ပေးရန် ငြင်းပယ် ခံရမည်ဖြစ်ပါသည်။ အသေးစိတ်သိလိုပါက စင်ကာပူမြို့ မြန်မာသံရုံး၏ အင်တာနက်စာမျက်နှာ ဖြစ်သည့် www.myanmarembassy.sg တွင် ကြည့်ရှုနိုင်ပါသည်။

## Business Visa (Single Entry) လျှောက်ထားခြင်း

၈။ လုပ်ငန်းဗီဇာ(တစ်ကြိမ်ပြည်ဝင်ခွင့်) Business Visa (Single Entry) လျှောက်ထားလိုသူများအနေဖြင့် ဤသံရုံး (သို့မဟုတ်) သံရုံး၏ အင်တာနက်စာမျက်နှာတွင် ရရှိနိုင်သည့် ဗီဇာလျှောက်လွှာပေါ်တွင် ပြည့်စုံစွာဖြည့်စွက်၍ အဆိုပါလျှောက်လွှာ(မူရင်း) ပေါ်တွင် (၆)လအတွင်းနောက်ခံအဖြူဖြင့် ရိုက်ကူးထားသောဓာတ်ပုံ (၂)ပုံကပ်ပြီး ကိုယ်တိုင်လက်မှတ်ရေးရပါမည်။ လျှောက်ထားသူသည်-

- Online မှ ကြိုတင်ရယူထားသည့် Queue Number ပါဝင်သည့်စာရွက်
- Passport ( သက်တမ်း (၆)လ နှင့် စာမျက်နှာ(၂)မျက်နှာ အနည်းဆုံးကျန်ရှိရပါမည်)
- Passport မိတ္တူ
- သက်သေခံကဒ်မိတ္တူ(ဥပမာ - IC/ PR/ EP/ Student Pass/ White Card)
- မိဘနှင့်အတူလိုက်ပါမည့် အသက်(၁၅)နှစ်အောက် ကလေးငယ်များအတွက် မွေးစာရင်းအထောက်အထား(Birth Certificate)
- အလုပ်လုပ်ကိုင်နေသူဖြစ်ပါက ၎င်းအလုပ်အကိုင်ကို ဖော်ပြသည့် Business/ Name Card
- မြန်မာနိုင်ငံဘက်မှ ကုမ္ပဏီ/အဖွဲ့အစည်း၏ဖိတ်ကြားစာ(မူရင်း) နှင့်
- စင်ကာပူနိုင်ငံဘက်မှ ကုမ္ပဏီ/အဖွဲ့အစည်း၏ ထောက်ခံစာ(မူရင်း) တို့ကို ယူဆောင်လာရပါမည်။

၉။ လျှောက်ထားသူ၏ အချက်အလက်များအပေါ်တွင်မူတည်၍ လိုအပ်ပါက အခြားသော စာရွက်စာတမ်းအချက်အလက်များကို ထပ်မံတောင်းခံမည်ဖြစ်ပါသည်။

၁၀။ ဗီဇာထုတ်ပေးသည့်နေ့မှစ၍ (၃)လအတွင်း မြန်မာနိုင်ငံသို့သွားရောက်နိုင်ပါသည်။ မြန်မာနိုင်ငံသို့ ရောက်ရှိသည့်နေ့မှစ၍ ရက်ပေါင်း(၇၀)တိတိ နေထိုင်ခွင့်ရှိပြီး လိုအပ်ပါက သက်တမ်းတိုးနိုင်ပါသည်။ ဗီဇာခမှာ စင်ကာပူဒေါ်လာ(၉၀)ဒေါ်လာဖြစ်ပါသည်။ အလုပ်လုပ်ချိန် ရုံးဖွင့်ရက်(၁)ရက် ကြာမြင့်မည် ဖြစ်ပြီး ဗီဇာလျှောက်လွှာပါ အချက်အလက်များ မှန်ကန်မှုမရှိသည်ကိုတွေ့ရှိရပါက ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးရန် ငြင်းပယ်ခံရမည်ဖြစ်ပါသည်။ အသေးစိတ်သိလိုပါက စင်ကာပူမြို့ မြန်မာသံရုံး၏ အင်တာနက်စာမျက်နှာ ဖြစ်သည့် www.myanmarembassy.sg တွင်ကြည့်ရှုနိုင်ပါသည်။

**Business Visa (Multiple Entry) လျှောက်ထားခြင်း**
**ဗီဇာသက်တမ်း (၃)လ၊ (၆)လ နှင့် (၁)နှစ်**

၁၁။ လုပ်ငန်းဗီဇာ(အကြိမ်ကြိမ်ပြည်ဝင်ခွင့်) Business Visa (Multiple Entry) လျှောက်ထားသူသည် ကနဦး (ပထမဦးဆုံးအကြိမ်) ဝင်ရောက်သူမဖြစ်စေရပါ။ အကြိမ်ကြိမ် ပြည်ဝင်ခွင့် (၃)လ (သို့မဟုတ်)၊ (၆)လ (သို့မဟုတ်) (၁)နှစ် မှ မည်သည့် ဗီဇာကို ရယူလိုသည်ကို မြန်မာနိုင်ငံဖက်မှ ဖိတ်ကြားစာနှင့် စေလွှတ်သူဖက်မှ ထောက်ခံစာများပေါ်တွင် ဖော်ပြလျှောက်ထားနိုင်ပါသည်။ လျှောက်ထားသူသည်-

- Online မှ ကြိုတင်ရယူထားသည့် Queue Number ပါဝင်သည့်စာရွက်
- Passport ( သက်တမ်း (၆)လအထက် နှင့် စာမျက်နှာ(၂)မျက်နှာ အနည်းဆုံးကျန်ရှိရပါမည် )
- Passport မိတ္တူ
- သက်သေခံကဒ်မိတ္တူ( ဥပမာ - IC/ PR/ EP// Student Pass/ White Card)
- မိဘနှင့်အတူလိုက်ပါမည့် အသက်(၁၅)နှစ်အောက် ကလေးငယ်များအတွက် မွေးစာရင်း အထောက်အထား (Birth Certificate)
- အလုပ်လုပ်ကိုင်နေသူဖြစ်ပါက ၎င်းအလုပ်အကိုင်ကို ဖော်ပြသည့် Business/ Name Card
- မြန်မာနိုင်ငံဘက်မှ ကုမ္ပဏီ/အဖွဲ့အစည်း၏ဖိတ်ကြားစာ (မူရင်း)နှင့်
- စင်ကာပူနိုင်ငံဘက်မှ ကုမ္ပဏီ/အဖွဲ့အစည်း၏ ထောက်ခံစာ (မူရင်း) တို့ကို ယူဆောင်လာရပါမည်။

၁၂။ လျှောက်ထားသူ၏ အချက်အလက်များအပေါ် မူတည်၍ လိုအပ်ပါ ကအခြားသော စာရွက်စာတမ်းများကို ထပ်မံတောင်းခံမည်ဖြစ်ပါသည်။

၁၃။ ဗီဇာသက်တမ်းမှာ ခွင့်ပြုသည့် ဗီဇာအမျိုးအစားပေါ်မူတည်၍ ဗီဇာထုတ်ပေးသည့်နေ့မှစ၍ (၃)လ၊ (၆)လနှင့် (၁) နှစ်အသီးသီး သက်တမ်းရှိပါသည်။ မြန်မာနိုင်ငံသို့ ရောက်ရှိသည့်နေ့မှစ၍ (၇၀)ရက်တိတိ နေထိုင်ခွင့်ရှိပြီး လိုအပ်ပါကသက်တမ်းတိုးနိုင်ပါသည်။ ဗီဇာခမှာ အကြိမ်ကြိမ်ပြည်ဝင်ခွင့် (၃)လအတွက် စင်ကာပူဒေါ်လာ(၃၅၀)၊ (၆)လအတွက် စင်ကာပူဒေါ်လာ(၇၀၀)နှင့် (၁)နှစ်အတွက် စင်ကာပူဒေါ်လာ(၁၀၅၀) ဖြစ်ပါသည်။ အလုပ်လုပ်ချိန်ရုံးဖွင့်ရက်(၁)ရက် ကြာမြင့်မည်ဖြစ်ပြီး ဗီဇာလျှောက်လွှာပါအချက်အလက်များ မှန်ကန်မှုမရှိပါက ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးရန် ငြင်းပယ် ခံရမည်ဖြစ်ပါသည်။

၁၄။ အသေးစိတ်သိလိုပါက စင်ကာပူမြို့ မြန်မာသံရုံး၏ အင်တာနက်စာမျက်နှာ ဖြစ်သည့် www.myanmarembassy.sg တွင်ကြည့်ရှုနိုင်ပါ သည်။

## Social Visa (Single Entry) လျှောက်ထားခြင်း

၁၅။ လူမှုရေးအလည်အပတ်ဗီဇာ(တစ်ကြိမ်ပြည်ဝင်ခွင့်) Social Visa (Single Entry) လျှောက်ထားလိုသူများသည် မြန်မာနိုင်ငံသားများနှင့် လက်ထပ်ထားသူများနှင့် ၎င်းတို့မှ မွေးဖွားသည့် သားသမီးများ၊ စင်ကာပူ နိုင်ငံသားအဖြစ်ခံယူထားသည့် မြန်မာနိုင်ငံသားဟောင်းများနှင့် ၎င်းတို့၏ ဇနီး/ခင်ပွန်း/သားသမီးများ၊ မြန်မာနိုင်ငံသားမိဘတစ်ဦးဦးမှ မွေးဖွားလာသည့် နိုင်ငံခြား သားအဖြစ်ခံယူထားသူများသာ လျှောက်ထားနိုင်ပါသည်။

၁၆။ လူမှုရေးအလည်အပတ်ဗီဇာ(တစ်ကြိမ်ပြည်ဝင်ခွင့်) လျှောက်ထားသူများအနေဖြင့် ဤသံရုံး(သို့မဟုတ်) သံရုံး၏အင်တာနက်စာမျက်နှာတွင် ရရှိနိုင်သည့် ဗီဇာလျှောက်လွှာနှင့် သတ်မှတ်ထားသည့် ကိုယ်ရေးရာဇဝင်ပုံစံကို ပြည့်စုံစွာ လက်မှတ်ရေးထိုးဖြည့်စွက်ရပါမည်။ ဖြည့်စွက်ထားသည့် ဗီဇာလျှောက်လွှာ(မူရင်း)ပေါ်တွင် (၆)လအတွင်းနောက်ခံအဖြူဖြင့် ရိုက်ကူးထားသောဓာတ်ပုံ(၃)ပုံ ကပ်ပြီး ကိုယ်တိုင်လက်မှတ်ရေးရပါမည်။ လျှောက်ထားသူများအနေဖြင့်-

- Online မှ ကြိုတင်ရယူထားသည့် Queue Number ပါဝင်သည့်စာရွက်
- Passport ( သက်တမ်း (၆)လ နှင့် စာမျက်နှာ(၂)မျက်နှာ အနည်းဆုံးကျန်ရှိရပါမည်)
- Passport မိတ္တူ
- သက်သေခံကဒ်မိတ္တူ( ဥပမာ- IC/ PR/ EP/ Student Pass/ White card )
- မိဘနှင့်အတူလိုက်ပါမည့် အသက်(၁၅)နှစ်အောက် ကလေးငယ်များအတွက် မွေးစာရင်း အထောက်အထား(Birth Certificate)
- အလုပ်လုပ်ကိုင်နေသူဖြစ်ပါက ၎င်းအလုပ်အကိုင်ကို ဖော်ပြသည့် Business/ Name Card
- မြန်မာနိုင်ငံသားနှင့် လက်ထပ်ထားသည့် နိုင်ငံခြားသားဖြစ်ပါက လက်ထပ်စာချုပ်မိတ္တူ
- မြန်မာနိုင်ငံသား မိဘမှမွေးဖွားလာသူဖြစ်ပါက ၎င်းတို့၏ဆက်နွယ်မှုကို ပြသနိုင်မည့် အထောက်အထားတစ်ခုခု စသည်တို့ကို ယူဆောင်လာရပါမည်။

၁၇။ လျှောက်ထားသူ၏ အချက်အလက်များအပေါ် မူတည်၍ လိုအပ်ပါက အခြားသော စာရွက်စာတမ်းများကို ထပ်မံ တောင်းခံမည်ဖြစ်ပါသည်။

၁၈။ ဗီဇာထုတ်ပေးသည့်နေ့မှစ၍ (၃)လအတွင်း မြန်မာနိုင်ငံသို့ သွားရောက်နိုင်ပါသည်။ မြန်မာနိုင်ငံတွင်ရောက်ရှိသည့်နေ့မှစ၍ (၇၀)ရက်တိတိ နေထိုင်ခွင့်ရှိပြီး လိုအပ်ပါက သက်တမ်းတိုးနိုင်ပါသည်။ ဗီဇာခမှာ စင်ကာပူဒေါ်လာ(၉၀)ဒေါ်လာဖြစ်ပါသည်။ အလုပ်လုပ်ချိန် ရုံးဖွင့်ရက်(၁) ရက်ကြာမြင့်မည်ဖြစ်ပြီး ဗီဇာလျှောက်လွှာပါအချက်အလက်များ မှန်ကန်မှုမရှိပါက ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးရန် ငြင်းပယ်ခံရမည်ဖြစ်ပါသည်။

၁၉။ **နာရေးကိစ္စဖြင့် Social Visa လျှောက်ထားသူများသည် မိဘ/ဆွေမျိုးမှ သေဆုံးကြောင်းစာ (သို့မဟုတ်) ဆေးရုံတက်နေရသော အထောက်အထား အပြည့်အစုံနှင့်အတူ လေယာဉ်ပျံလက်မှတ်တို့ကို ပူးတွဲ၍ တင်ပြလျှောက်ထားရပါမည်။**

၂၀။ အသေးစိတ်သိလိုပါက စင်ကာပူမြို့ မြန်မာသံရုံး၏ အင်တာနက်စာမျက်နှာ ဖြစ်သည့် www.myanmarembassy.sg တွင်ကြည့်ရှု နိုင်ပါသည်။

**Social Visa (Multiple Entry) လျှောက်ထားခြင်း**
**ဗီဇာသက်တမ်း (၃)လ၊ (၆)လ နှင့် (၁)နှစ်**

၂၁။ လူမှုရေးဗီဇာ(အကြိမ်ကြိမ်ပြည်ဝင်ခွင့်) Social Visa (Multiple Entry) လျှောက်ထားလိုသူများသည် မြန်မာနိုင်ငံသားများနှင့် လက်ထပ်ထားသူများနှင့် ၎င်းတို့မှ မွေးဖွားသည့်သားသမီးများ၊ စင်ကာပူ နိုင်ငံသားအဖြစ်ခံယူထားသည့် မြန်မာနိုင်ငံသားဟောင်း များနှင့် ၎င်းတို့၏ ဇနီး/ခင်ပွန်း/သားသမီး များ၊ မြန်မာနိုင်ငံသားမိဘတစ်ဦးဦးမှ မွေးဖွားလာသည့် နိုင်ငံခြားသားအဖြစ်ခံယူထားသူများသာ လျှောက်ထားနိုင်ပါသည်။

၂၂။ လူမှုရေးဗီဇာ(အကြိမ်ကြိမ်ပြည်ဝင်ခွင့်) Social Visa (Multiple Entry) လျှောက်ထားသူသည် ကနဦး (ပထမဦးဆုံးအကြိမ်) ဝင်ရောက်သူမဖြစ်စေရပါ။ အကြိမ်ကြိမ် ပြည်ဝင်ခွင့် (၃)လ (သို့မဟုတ်)၊ (၆)လ (သို့မဟုတ်) (၁)နှစ် မှ မည်သည့် ဗီဇာကို ရယူလို သည်ကို လျှောက်ထားသူမှ ဖော်ပြလျှောက်ထားရပါသည်။

၂၃။ လူမှုရေးဗီဇာ(အကြိမ်ကြိမ်ပြည်ဝင်ခွင့်) လျှောက်ထားသူများအနေဖြင့် ဤသံရုံး (သို့မဟုတ်) သံရုံး၏အင်တာနက်စာမျက်နှာတွင် ရရှိနိုင်သည့် ဗီဇာလျှောက်လွှာနှင့် သတ်မှတ် ထားသည့် ကိုယ်ရေးရာဇဝင်ပုံစံကို ပြည့်စုံစွာ လက်မှတ်ရေးထိုးဖြည့်စွက်ရပါမည်။ ဖြည့်စွက် ထားသည့်ဗီဇာ လျှောက်လွှာ(မူရင်း)ပေါ်တွင် (၆)လအတွင်းနောက်ခံအဖြူဖြင့် ရိုက်ကူးထားသော ဓာတ်ပုံ(၃)ပုံ ကပ်ပြီး ကိုယ်တိုင်လက်မှတ်ရေးထိုးရပါမည်။ လျှောက်ထားသူများအနေဖြင့်-

- Online မှ ကြိုတင်ရယူထားသည့် Queue Number ပါဝင်သည့်စာရွက်
- Passport ( သက်တမ်း (၆)လ နှင့် စာမျက်နှာ(၂)မျက်နှာ အနည်းဆုံးကျန်ရှိရပါမည်)
- Passport မိတ္တူ
- သက်သေခံကဒ်မိတ္တူ( ဥပမာ- IC/ PR/ EP/ Student Pass/ White card )
- မိဘနှင့်အတူလိုက်ပါမည့် အသက်(၁၅)နှစ်အောက် ကလေးငယ်များအတွက် မွေးစာရင်း အထောက်အထား(Birth Certificate)
- အလုပ်လုပ်ကိုင်နေသူဖြစ်ပါက ၎င်းအလုပ်အကိုင်ကို ဖော်ပြသည့် Business/ Name Card
- မြန်မာနိုင်ငံသားနှင့် လက်ထပ်ထားသည့် နိုင်ငံခြားသားဖြစ်ပါက လက်ထပ်စာချုပ်မိတ္တူ
- မြန်မာနိုင်ငံသား မိဘမှမွေးဖွားလာသူဖြစ်ပါက ၎င်းတို့၏ဆက်နွယ်မှုကို ပြသနိုင်မည့် အထောက်အထားတစ်ခုခု စသည်တို့ကို ယူဆောင်လာရပါမည်။

၂၄။ လျှောက်ထားသူ၏ အချက်အလက်များအပေါ် မူတည်၍ လိုအပ်ပါက အခြားသော စာရွက်စာတမ်းများကို ထပ်မံ တောင်းခံမည်ဖြစ်ပါသည်။

၂၅။ ဗီဇာသက်တမ်းမှာ ခွင့်ပြုသည့် ဗီဇာအမျိုးအစားပေါ်မူတည်၍ ဗီဇာထုတ်ပေးသည့်နေ့မှစ၍ (၃)လ၊ (၆)လနှင့် (၁) နှစ်အသီးသီး သက်တမ်းရှိပါသည်။ မြန်မာနိုင်ငံတွင် ရောက်ရှိသည့်နေ့မှစ၍ (၇၀)ရက်တိတိ နေထိုင်ခွင့်ရှိပြီး လိုအပ်ပါကသက်တမ်းတိုးနိုင်ပါသည်။ ဗီဇာခမှာ အကြိမ်ကြိမ်ပြည်ဝင်ခွင့် (၃)လအတွက် စင်ကာပူဒေါ်လာ(၂၆၅)၊ (၆)လအတွက် စင်ကာပူ ဒေါ်လာ(၅၂၅)နှင့် (၁)နှစ်အတွက် စင်ကာပူဒေါ်လာ(၇၉၀) ဖြစ်ပါသည်။ အလုပ်လုပ်ချိန် ရုံးဖွင့်ရက်(၁) ရက်ကြာမြင့်မည်ဖြစ်ပြီး ဗီဇာလျှောက်လွှာပါအချက်အလက်များ မှန်ကန်မှုမရှိပါက ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးရန် ငြင်းပယ်ခံရမည်ဖြစ်ပါသည်။

၂၆။ အသေးစိတ်သိလိုပါက စင်ကာပူမြို့ မြန်မာသံရုံး၏ အင်တာနက်စာမျက်နှာဖြစ်သည့် www.myanmarembassy.sg တွင်ကြည့်ရှု နိုင်ပါသည်။

**Religious Visa (Single Entry) လျှောက်ထားခြင်း**

၂၇။ သာသနာရေးဗီဇာ(တစ်ကြိမ်ပြည်ဝင်ခွင့်) Religious Visa (Single Entry) လျှောက်ထားရာတွင် ဤသံရုံး (သို့မဟုတ်)သံရုံး၏ အင်တာနက်စာမျက်နှာတွင် ရရှိနိုင်သည့် ဗီဇာလျှောက်လွှာနှင့် သတ်မှတ်ထားသည့် ကိုယ်ရေးရာဇဝင်ပုံစံကို ပြည့်စုံစွာ လက်မှတ်ရေးထိုး ဖြည့်စွက်ရပါမည်။ ဖြည့်စွက်ထားသည့် ဗီဇာလျှောက်လွှာ(မူရင်း) ပေါ်တွင် (၆)လအတွင်း နောက်ခံအဖြူဖြင့် ရိုက်ကူးထားသော ဓာတ်ပုံ(၂)ပုံ ကပ်ပြီး ကိုယ်တိုင်လက်မှတ်ရေးထိုးရပါမည်။ လျှောက်ထားသူများအနေဖြင့်-

- Online မှ ကြိုတင်ရယူထားသည့် Queue Number ပါဝင်သည့်စာရွက်
- Passport ( သက်တမ်း (၆)လ နှင့် စာမျက်နှာ(၂)မျက်နှာ အနည်းဆုံးကျန်ရှိရပါမည်)
- Passport မိတ္တူ
- သက်သေခံကဒ်မိတ္တူ ( ဥပမာ- IC/ PR/ EP/ Student Pass/ White card )
- မိဘနှင့်အတူလိုက်ပါမည့် အသက်(၁၅)နှစ်အောက် ကလေးငယ်များအတွက် မွေးစာရင်း အထောက်အထား(Birth Certificate)
- အလုပ်လုပ်ကိုင်နေသူဖြစ်ပါက ၎င်းအလုပ်အကိုင်ကိုဖော်ပြသည့် Business/Name Card
- မြန်မာနိုင်ငံရှိ တရားစခန်း၏ဖိတ်ခေါ်စာ(**မူရင်း**)တို့ကို ပူးတွဲ တင်ပြရပါမည်။

၂၈။ လျှောက်ထားသူ၏ အချက်အလက်များအပေါ် မူတည်၍ လိုအပ်ပါက အခြားသော စာရွက်စာတမ်းများကို ထပ်မံ တောင်းခံမည်ဖြစ်ပါသည်။

၂၉။ သာသနာရေးဗီဇာရရှိသူသည် ဗီဇာထုတ်ပေးသည့်နေ့မှစ၍ (၃)လအတွင်း မြန်မာနိုင်ငံသို့ သွားရောက်နိုင်ပါသည်။ မြန်မာနိုင်ငံသို့ ရောက်ရှိသည့်နေ့မှစ၍ ရက်ပေါင်း(၇၀)

တိတိ နေထိုင်ခွင့်ရရှိမည်ဖြစ်ပြီး လိုအပ်ပါကသက်တမ်းတိုးနိုင်ပါသည်။ ဗီဇာခမှာ စင်ကာပူ ဒေါ်လာ(၉၀)ဒေါ်လာ ဖြစ်ပါသည်။ အလုပ်လုပ်ချိန် ရုံးဖွင့်ရက်(၁)ရက် ကြာမြင့်မည်ဖြစ်ပြီး ဗီဇာ လျှောက်လွှာပါအချက်အလက်များ မှန်ကန်မှုမရှိပါက ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးရန် ငြင်းပယ်ခံရမည်ဖြစ်ပါသည်။

၃၀။ အသေးစိတ်သိလိုပါက စင်ကာပူမြို့ မြန်မာသံရုံး၏ အင်တာနက်စာမျက်နှာဖြစ်သည့် www.myanmarembassy.sg တွင်ကြည့်ရှုနိုင်ပါသည်။

**Religious Visa (Multiple Entry) လျှောက်ထားခြင်း**
**ဗီဇာသက်တမ်း (၃)လ၊ (၆)လ နှင့် (၁)နှစ်**

၃၁။ သာသနာရေးဗီဇာ(အကြိမ်ကြိမ်ပြည်ဝင်ခွင့်) Religious Visa (Multiple Entry) လျှောက်ထားရာတွင် ဤသံရုံး(သို့မဟုတ်)သံရုံး၏ အင်တာနက်စာမျက်နှာတွင် ရရှိနိုင်သည့် ဗီဇာ လျှောက်လွှာနှင့် သတ်မှတ်ထားသည့် ကိုယ်ရေးရာဇဝင်ပုံစံကို ပြည့်စုံစွာ လက်မှတ်ရေးထိုးဖြည့်စွက်ရပါမည်။ ဖြည့်စွက်ထားသည့် ဗီဇာလျှောက်လွှာ (မူရင်း)ပေါ်တွင် (၆)လအတွင်း နောက်ခံအဖြူဖြင့် ရိုက်ကူးထားသော ဓာတ်ပုံ(၂)ပုံ ကပ်ပြီး ကိုယ်တိုင်လက်မှတ်ရေးထိုးရပါမည်။

၃၂။ သာသနာရေးဗီဇာ(အကြိမ်ကြိမ်ပြည်ဝင်ခွင့်) Religious Visa (Multiple Entry) လျှောက်ထားသူသည် ကနဦး (ပထမဦးဆုံးအကြိမ်) ဝင်ရောက်သူမဖြစ်စေရပါ။ အကြိမ်ကြိမ်ပြည်ဝင်ခွင့် (၃)လ (သို့မဟုတ်)၊ (၆)လ (သို့မဟုတ်) (၁)နှစ် မှ မည်သည့်ဗီဇာကို ရယူလိုသည်ကို မြန်မာနိုင်ငံရှိ တရားစခန်း၏ဖိတ်ခေါ်စာ ဖော်ပြလျှောက်ထားရပါမည်။ လျှောက်ထားသူများအနေဖြင့်-

- Online မှ ကြိုတင်ရယူထားသည့် Queue Number ပါဝင်သည့်စာရွက်
- Passport ( သက်တမ်း (၆)လ နှင့် စာမျက်နှာ(၂)မျက်နှာ အနည်းဆုံးကျန်ရှိရပါမည်)
- Passport မိတ္တူ
- သက်သေခံကဒ်မိတ္တူ ( ဥပမာ- IC/ PR/ EP/ Student Pass/ White card )
- မိဘနှင့်အတူလိုက်ပါမည့် အသက်(၁၅)နှစ်အောက် ကလေးငယ်များအတွက် မွေးစာရင်းအထောက်အထား(Birth Certificate)
- အလုပ်လုပ်ကိုင်နေသူဖြစ်ပါက ၎င်းအလုပ်အကိုင်ကိုဖော်ပြသည့် Business/Name Card
- မြန်မာနိုင်ငံရှိ တရားစခန်း၏ဖိတ်ခေါ်စာ(**မူရင်း**)တို့ကို ပူးတွဲ တင်ပြရပါမည်။

၃၃။ လျှောက်ထားသူ၏ အချက်အလက်များအပေါ် မူတည်၍ လိုအပ်ပါက အခြားသော စာရွက်စာတမ်းများကို ထပ်မံ တောင်းခံမည်ဖြစ်ပါသည်။

၃၄။ ဗီဇာသက်တမ်းမှာ ခွင့်ပြုသည့် ဗီဇာအမျိုးအစားပေါ်မူတည်၍ ဗီဇာထုတ်ပေးသည့် နေ့မှစ၍ (၃)လ၊ (၆)လနှင့် (၁) နှစ်အသီးသီး သက်တမ်းရှိပါသည်။ မြန်မာနိုင်ငံသို့ ရောက်ရှိသည့် နေ့မှစ၍ ရက်ပေါင်း(၇၀) တိတိ နေထိုင်ခွင့်ရရှိမည်ဖြစ်ပြီး လိုအပ်ပါက သက်တမ်းတိုးနိုင်ပါသည်။ ဗီဇာခမှာ အကြိမ်ကြိမ်ပြည်ဝင်ခွင့် (၃)လအတွက် စင်ကာပူဒေါ်လာ(၂၆၅)၊ (၆)လအတွက် စင်ကာပူ ဒေါ်လာ(၅၂၅)နှင့် (၁)နှစ်အတွက် စင်ကာပူဒေါ်လာ(၇၉၀)ဖြစ်ပါသည်။ အလုပ်လုပ်ချိန် ရုံးဖွင့်ရက်(၁)ရက် ကြာမြင့်မည်ဖြစ်ပြီး ဗီဇာ လျှောက်လွှာပါအချက်အလက်များ မှန်ကန်မှုမရှိပါက ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးရန် ငြင်းပယ်ခံရမည်ဖြစ်ပါသည်။

၃၅။ အသေးစိတ်သိလိုပါက စင်ကာပူမြို့ မြန်မာသံရုံး၏ အင်တာနက်စာမျက်နှာဖြစ်သည့် www.myanmarembassy.sg တွင်ကြည့်ရှုနိုင်ပါသည်။

**<u>ညနေပိုင်း ဆောင်ရွက်ရန် - ညနေ (၄း၀၀) နာရီမှ (၅း၀၀)နာရီအထိ ဗီဇာထုတ်ပေးခြင်း</u>**

၃၆။ မနက်ပိုင်း ကောင်တာမှ ထုတ်ပေး ထားသည့် ငွေရပြေစာစာရွက်နှင့်အတူ မည်သူမဆို ညနေ (၄း၀၀)နာရီမှ (၅း၀၀)နာရီအတွင်း သံရုံး၏ ကောင်တာနံပါတ်(၈)နှင့် ကောင်တာ(၉)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

**ဗီဇာဌာန**
**မြန်မာသံရုံး၊ စင်ကာပူမြို့။**

**ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်။**